# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 6, Vol: 1/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (ကြာသပတေးနေ့)

## စဉ်ဆက်မပြတ် ပြောင်းလဲ တိုးတက်နေသော အာဆီယံစီးပွားရေး အသိုက်အဝန်း

စာမျက်နှာ ၁




## မြန်မာနှင့် ကာဇက်စတန် နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ

စာမျက်နှာ ၁၃



## AI နည်းပညာက အမေရိကန်တွင် အလုပ်အကိုင် ပေါင်း သန်း (၁၀၀) နီးပါးကို ဖယ်ရှားပစ်နိုင်

စာမျက်နှာ ၂၀



## အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား လေယာဉ် ခရီးစဉ် ငါးနှစ်ကြာ ပြတ်တောက်ပြီးနောက် ပြန်လည်စတင်ခြင်း

စာမျက်နှာ ၂၆



# သတင်းများ


| | | |
|---|---|---|
| စဉ်ဆက်မပြတ်ပြောင်းလဲ တိုးတက်နေသော အာဆီယံ စီးပွားရေး အသိုက်အဝန်း | ဒေါ်ခိုင်သဇင် (FERD) | ၁ |
| ကနေဒါနိုင်ငံက အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ထံမှ သံမဏိနှင့် အလူမီနီယမ် တင်သွင်းမှုအပေါ် အခွန်များ လျှော့ချ | ဒေါ်စုစုအောင် (DICA) | ၅ |
| စင်ကာပူနိုင်ငံ၌ (၁၁) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှု ညီလာခံ (11th ASEAN Competition Conference) ကျင်းပ | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၇ |
| ကုန်သွယ်ရေး သဘောတူညီချက်အသစ်အရ အမေရိကန် နိုင်ငံ၏ စက်မှုနှင့် စိုက်ပျိုးရေးကုန်စည်များအပေါ် အကောက် ခွန်အားလုံးကို ကမ္ဘောဒီးယားနိုင်ငံက ဖယ်ရှားပေးမည်ဖြစ် | ဒေါ်မေမြင့်ဗိုလ် (FERD) | ၈ |
| မြန်မာနှင့် ကာဇက်စတန် နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ | ဒေါ်ရီရီမွန် (FERD) | ၁၃ |
| အာဆီယံနှင့် မိတ်ဖက်နိုင်ငံများသည် ဆိုက်ဘာတိုက်ခိုက် မှုများ ကာကွယ်ရေးကို မြှင့်တင်ရန် ဒေသတွင်း လေ့ကျင့်မှု များပြုလုပ် | ဒေါ်ဆုရည်ဆွေသဲဦး (FERD) | ၁၇ |
| AI နည်းပညာက အမေရိကန်တွင် အလုပ်အကိုင်ပေါင်း သန်း (၁၀၀) နီးပါးကို ဖယ်ရှားပစ်နိုင်ဟုဆို | ဒေါ်စန်းစန်းမာ (FERD) | ၂၀ |
| စင်ကာပူနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဓာတ်ဆီသုံးယာဉ် အသစ်များ မှတ်ပုံတင်ခြင်းကို ရပ်ဆိုင်းမည်ဖြစ် | ဒေါ်ပြုံးပြုံးရီ (FERD) | ၂၁ |
| ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့ကုန်သွယ်မှုအလားအလာ အစီရင် ခံစာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ | ဦးအောင်မြင့်သန့် (FERD) | ၂၃ |

## သတင်းများ

အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား လေယာဉ်ခရီးစဉ်ငါးနှစ်ကြာ ပြတ်တောက်ပြီးနောက် ပြန်လည်စတင်ခြင်း — ဦးမြင့်ဇော်ဦး (UMO) — ၂၆

# စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသော အာဆီယံစီးပွားရေး အသိုက်အဝန်း

အာဆီယံသည် ဒေသတစ်ခုလုံး၏ စီးပွားရေးပေါင်းစည်းမှုကို ခိုင်မာစွာ တည်ထောင်နိုင်စေရန်အတွက် အေအီးစီ ၂၀၁၅ (၂၀၁၈-၂၀၁၅) ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးနောက် အေအီးစီ ၂၀၂၅ (၂၀၁၆-၂၀၂၅) ကို ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။ အာဆီယံအနေဖြင့် အေအီးစီ ၂၀၁၅ နှင့် ၂၀၂၅ အကောင်အထည် ဖော်မှုတို့မှတစ်ဆင့် စီးပွားရေးပေါင်းစည်းမှုတွင် သိသာသော အောင်မြင်မှုမှတ်တိုင်များ ရရှိပြီးဖြစ်သည်။




အေအီးစီ အကောင်အထည်ဖော်မှုမှ အာဆီယံနိုင်ငံများအကြား သွင်းကုန်များ အပေါ် အကောက်ခွန်နှုန်းကို သုည ရာခိုင်နှုန်း နီးပါး လျှော့ချနိုင်ခြင်း၊ အာဆီယံ ပြတင်းတစ်ပေါက်) ASEAN Single Window - ASW) စနစ်ကို တည်ထောင်ပြီး အကောက်ခွန် ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွယ်ကူ ချောမွေ့လာခြင်း၊ လွယ်ကူစွာ အသုံးပြုနိုင်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို တည်ဆောက်နိုင်ခြင်း၊ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု ကွန်ယက်များ တိုးတက် ကောင်းမွန်လာစေခြင်းတို့သည် ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက် စေရေးအတွက် ကြီးမားသော အောင်မြင်မှုများဖြစ်သည်။ ထို့အပြင် အာဆီယံသည် ဒေသတွင်းသာမက ဆွေးနွေးဖက် နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသများ ထူထောင်ခြင်း၊ ခေတ်မီ၍ ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှု သဘောတူ စာချုပ်တစ်ခုဖြစ်သည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ်ကို ချုပ်ဆိုခြင်းအားဖြင့် ဒေသပြင်ပနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံ မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများကို ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အေအီးစီ၏ အကောင်အထည်ဖော်မှုတွင် အပြည့်အဝ အကောင်အထည် ဖော်နိုင်သည့် ကိစ္စရပ်များရှိသကဲ့သို့ စံချိန်စံညွှန်းများ လိုက်လျောညီထွေဖြစ်စေရေး၊ ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ ဖြေလျော့မှုများ ပိုမိုနက်ရှိုင်း ခိုင်မာစေရေးစသည့် ကဏ္ဍ များ၏ အကောင်အထည်ဖော်မှုများသည် ကန့်သတ်ချက်များ ရှိနေဆဲဖြစ်သည်။ ထို့အပြင် အကောက်ခွန်မဟုတ်သော အစီအမံများကို အပြည့်အဝဖယ်ရှားရန် ခက် ခဲခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကြောင့် အဖွဲ့ဝင်တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား

ကျင့်သုံးဆောင်ရွက်နေသည့် ဥပဒေ၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ ခြားနားမှုရှိခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား လူ့စွမ်းအားအရင်းအမြစ်နှင့် ဖွံ့စည်း တည်ဆောက်မှုဆိုင်ရာ စွမ်းရည်များ ကွာဟမှုရှိခြင်းတို့သည် အေအီးစီ၏ ရည်ရွယ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးရန် စိန်ခေါ်မှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။

အေအီးစီ အကောင်အထည်ဖော်မှု၏ လက်ရှိအောင်မြင်မှု အရှိန်အဟုန်များကို ရေရှည်တည်တံ့ခိုင်မြဲ၍ ပြောင်းလဲ တိုးတက်နေသော ခေတ်နှင့်အညီ အာဆီယံ၏ ရည်မှန်းချက် ပန်းတိုင်သစ်များ ချမှတ်နိုင်ရန်အတွက် အာဆီယံ အနေ ဖြင့် ၂၀၂၅ အလွန် အေအီးစီလုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော်ရန် ပြင်ဆင်ခဲ့သည်။ အာဆီယံသည် ရှေ့ဆက်လက် ဆောင်ရွက်မည့် အနာဂတ်အတွက် နောင်နှစ် (၂၀) အထိ မျှော်မှန်း၍ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို ကြံ့ကြံ့ခံနိုင်သော အရှိန်အဟုန်ဖြင့် တိုးတက်သော ပြည်သူဗဟိုပြု အာဆီယံ“ Resilient, Dynamic, and People-Centered ASEAN” ဖြစ်လာစေရန်အတွက် ရည်ရွယ်ပြီး ရေးဆွဲခဲ့သည်။ အာဆီယံမျှော်မှန်းချက် ၂၀၄၅ ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေး (ASEAN Coordinating Council- ACC) ၌ အတည်ပြုခဲ့ပြီး၊ (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ကို ရေးဆွဲရာတွင် လက်ရှိနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစား၍ ရေးဆွဲခဲ့သည်။ အထူးသဖြင့် ဒေသတွင်းပဋိပက္ခများ၊ အင်အားကြီး နိုင်ငံများအကြား အားပြိုင်မှုများ၊ ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းမှု၊ ဆိုက်ဘာလုံခြုံရေး၊ ဉာဏ်ရည်တု နည်းပညာ၊ နိုင်ငံများ၏ ပြည်တွင်းရေးကို အာရုံစိုက်မှု ပိုမိုအားကောင်းလာခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အဟန့်အတားများ ပိုမိုများပြားလာခြင်း၊ ထောက်ပံ့ ပို့ဆောင်ရေးကွင်းဆက် ခိုင်မာအားကောင်းစေခြင်း၊ အဏ္ဏဝါစီးပွားရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးနှင့် စွမ်းအင်လုံခြုံရေး၊ ဆင်းရဲမှုနှင့်ဖွံ့ဖြိုးမှု ကွာဟချက်ကြီးမားလာခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရန် ရန်ပုံငွေရရှိမှု နည်းပါးလာခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာခြင်း၊ အစိမ်းရောင်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းခြင်း၊ ကပ်ရောဂါ၊ ကူးစက်ရောဂါနှင့် အခြားရောဂါများ၊ ကမ္ဘာ့လူဦးရေ ထူထပ်လာခြင်း၊ ဒေသတွင်း သက်ကြီးရွယ်အို လူဦးရေ တိုးတက်လာခြင်းနှင့် ရွှေ့ပြောင်းသွားလာမှု

များပြားလာခြင်း၊ အားလုံးပါဝင်နိုင်ရန် အားနည်းသည့် အုပ်စုများကို ထည့်သွင်းစဉ်းစားလာခြင်း၊ အမျိုးသမီးများနှင့် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင် ပေးခြင်းနှင့် အာဆီယံပေါင်းစည်း ဆက်နွယ်မှုမြှင့်တင်ခြင်း စသည့်အချက်များအပေါ် ထည့်သွင်းစဉ်းစားခဲ့သည်။

အေအီးစီအနေဖြင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်၏ နှစ် ၂၀ ကို ၅ နှစ်စီမံကိန်းများဖြင့် ချမှတ်ဆောင်ရွက်ရန် သဘောတူခဲ့ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း) အေအီးစီ (မဟာဗျူဟာလုပ်ငန်းအစီအစဉ်) ၂၀၂၆-၂၀၃၀ (ကို ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့သည်။ ယင်းလုပ်ငန်းအစီအစဉ်အောက်မှ အကောင် အထည်ဖော်မည့် အသေးစိတ် လုပ်ငန်းစဉ် များကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ကျင်းပခဲ့သည့်) ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည်။

အေအီးစီ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ၏ မျှော်မှန်းချက်မှာ ၂၀၄၅ ခုနှစ်တွင် အာဆီယံကို စတုတ္ထမြောက် ကမ္ဘာ့စီးပွားရေးအကြီးဆုံး (Fourth Largest Global Economy) ဖြစ်စေရန်၊ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအတွက် ကာလရှည် ကြံ့ကြံ့ခံနိုင်မှုရှိစေမည့် လုပ်ငန်းများနှင့် အစီအစဉ် များကိုဆောင်ရွက်နိုင်ရန်၊ အာဆီယံစီးပွားရေး ပေါင်းစည်းမှု၏ လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်၍ စဉ်ဆက်မပြတ် တိုးတက်ပြီး တစ်ခုတည်းနှင့် အနာဂတ် အဆင်သင့်ဖြစ်နေသောစီးပွားရေး (A single and future -ready economy) ဖြစ်စေရန်နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ၏ စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များကို အကောင်အထည် ဖော်ရန် တို့ဖြစ်သည်။

အေအီးစီမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကို ပန်းတိုင် (Goal) ၆ ရပ်၊ ရည်မှန်းချက် (Objective) ၄၄ ရပ်၊ နည်းဗျူဟာလုပ်ငန်းစဉ်) Strategic Measures) ၁၉၂ ခုနှင့် အသေးစိတ်လုပ်ငန်းစဉ် ( Detailed Activities) ၇၅၆ ခု ဖြင့် ရေးဆွဲထားသည်။

အေအီးစီမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ၏ ပန်းတိုင်ခြောက်ရပ်မှာ လုပ်ဆောင်ချက်ဦးစားပေးသည့် အသိုက်အဝန်း (An Action-Oriented Community)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်း(A Sustainable Community)၊ တက်ကြွသော၊ ရဲရင့်ပြီးဆန်းသစ်သော အသိုက်အဝန်း (An Enterprising, Bold, and Innovative Community)၊ ပြောင်းလဲသည့် အခြေအနေ

အပေါ် လိုက်လျောညီထွေ ဆောင်ရွက်၍ ကြိုတင်တုံ့ပြန်နိုင်စွမ်း ရှိသော အသိုက်အဝန်း (An Adaptable and Pro-Active Community)၊ သွက်လက်၍ ကြံ့ကြံ့ခံနိုင်သောအသိုက်အဝန်း (A Nimble and Resilient Community)၊ အားလုံးပါဝင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် အသိုက်အဝန်း (An Inclusive, Participatory, and Collaborative Community) ဖြစ်ပေါ်လာစေရေးတို့ ဖြစ်သည်။

အေအီးစီ၏ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကြည့်ပါက အနာဂတ်ကို ဦးတည်သော၊ ရေရှည်တည်တံ့သော၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ချိတ်ဆက်ထားသော စီးပွားရေးဒေသတစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ထားသည်ကိုတွေ့ရှိရပါသည်။ အထူးသဖြင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်း စေသောစီးပွားရေးစနစ်ကိုထူထောင်ရေး၊ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်များ ကြံ့ကြံ့ခံနိုင်စေရေးကဲ့သို့ ပေါ်ထွန်းဆဲကိစ္စရပ်များအပေါ် အလေးထား အကောင်အထည်ဖော်မည်ဖြစ်သည်။

ကာလအလိုက် အေအီးစီအကောင်အထည်ဖော်မှု၏ အဆင့် ၃ ဆင့်ကိုကြည့်ပါက အေအီးစီ ၂၀၁၅ သည် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဖြေလျှော့မှု Liberalization များကို အလေးထားဆောင်ရွက်ခဲ့သည်။ အေအီးစီ ၂၀၂၅ သည် ဒေသတွင်း ပေါင်းစည်းမှုနှင့် နည်းပညာတီထွင်ဆန်းသစ်မှု Integration and Innovation များကို အခြေခံသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့တာကို တွေ့ရသည်။ ရှေ့ဆက်လက် အကောင်အထည် ဖော်မည့် အေအီးစီ ၂၀၂၆-၂၀၃၀ လုပ်ငန်းစဉ်များသည် ရေရှည်တည်တံ့မှုနှင့် အနာဂတ်အဆင်သင့်ဖြစ်မှု (Sustainable and Future-ready) ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း ရေးသားတင်ပြအပ်ပါသည်။

ဒေါ်ခိုင်သဇင်
ဒုတိယညွှန်ကြားရေးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ကနေဒါနိုင်ငံက အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ထံမှ သံမဏိနှင့် အလူမီနီယမ် တင်သွင်းမှုအပေါ် အခွန်များလျှော့ချ

ကနေဒါနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အပြောင်းအလဲများကြောင့် ထိခိုက်မှုရှိနေသော ပြည်တွင်းစက်မှုလုပ်ငန်းများ ကြုံတွေ့နေရသော ဖိအားကို လျှော့ချရန် ရည်ရွယ်၍ အမေရိကန် နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တင်ပို့သည့် သံမဏိ (Steel) နှင့် အလူမီနီယမ် (Aluminium) တို့အပေါ် အခွန်ကင်းလွတ်ခွင့် ပြုလိုက်ကြောင်း ကြေညာခဲ့ပါသည်။




အဆိုပါ လုပ်ဆောင်ချက်သည် ပထဝီ နိုင်ငံရေးနှင့် စီးပွားရေး တင်းမာမှုများ မြင့်တက်လာနေချိန်တွင် အရေးပါသော ထောက်ပံ့ရေး ကွင်းဆက်များ (supply chains) တည်ငြိမ်စေရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။

အစိုးရ၏ ကြေညာချက်အရ ကနေဒါနိုင်ငံသည် ပြည်တွင်း၌ ထုတ်လုပ်ခြင်း မရှိသော တရုတ်နိုင်ငံမှ တင်သွင်းသည့် သံမဏိနှင့် အလူမီနီယမ်တို့အပေါ် အခွန်ကောက်ခံမှုများကို ကင်းလွတ်ခွင့် ပြုရန် ၂၀၂၄ ခုနှစ် အခွန်အပို ကောက်ခံခြင်းကင်းလွတ်ခွင့် အမိန့် (2024 surtax remission order)ကို ပြင်ဆင်ခဲ့ပါသည်။ အဆိုပါအမိန့်အပေါ် ပြင်ဆင်ချက်သည် အောက်တိုဘာလ ၁၅ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါသည်။

အလားတူပင် ကနေဒါနိုင်ငံသည် အမေရိကန်နိုင်ငံမှ တင်သွင်းသည့် သတ္တုကုန်စည်များ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အမျိုးသားလုံခြုံရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အစားအစာထုပ်ပိုးမှုတို့တွင် အသုံးပြုသည့် ပစ္စည်းများကိုလည်း တန်ပြန်အခွန် (counter-tariffs) ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပြုခဲ့ပါသည်။ အဆိုပါကင်းလွတ်ခွင့်များသည် ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်စေရန်အတွက် မရှိမဖြစ် လိုအပ်သောပစ္စည်း ကနေဒါနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးများကို ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

Francois-Philippe Champagne က အဆိုပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ **"ထောက်ပံ့ရေးကွင်းဆက်များ ရေရှည်ထိန်းသိမ်းထားနိုင်ရန်အတွက် ကနေဒါ**

**နိုင်ငံသို့တင်သွင်းရန်လိုအပ်သည့်အလွန်တိကျသောကုန်ပစ္စည်းအုပ်စု”** ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဤပြောင်းလဲမှုများသည် စုစုပေါင်းအခွန်ကောက်ခံမှုအပေါ် သက်ရောက်မှု အနည်းငယ်သာရှိမည်ဟု အလေးပေးပြောကြားခဲ့ပါသည်။

ထိုဆုံးဖြတ်ချက်သည် ကနေဒါနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက် နိုင်ငံနှစ်ခု ဖြစ်သည့် အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်ရေးဆက်ဆံမှုကို မျှတအောင် ထိန်းညှိပေးနိုင်သည့်အပြင် ပြည်တွင်းစက်မှုလုပ်ငန်းများကိုလည်း ကာကွယ်ပေးရန် ကြိုးပမ်းနေမှုကို ထင်ဟပ်စေပါသည်။ မကြာသေးမီနှစ်များအတွင်း အခွန်နှုန်းထားမြင့်မားစွာ ကောက်ခံမှုကြောင့် ကနေဒါနိုင်ငံ၏ ပို့ကုန်များ အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံသို့ တင်ပို့မှုများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့သဖြင့် ကနေဒါအစိုးရသည် ယခင်ချမှတ်ထားသော တန်ပြန်အရေးယူမှု အချို့ကို ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။



ထိုသို့ ရွေးချယ်၍အခွန် ကင်းလွတ်ခွင့်ပေးခြင်းဖြင့်ကနေဒါနိုင်ငံသည် စက်မှုလုပ်ငန်း လည်ပတ်မှုကို တည်ငြိမ်စေရန်၊ ကုန်ထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်များလျှော့ချရန်နှင့်ကမ္ဘာ့ထောက်ပံ့ရေး ပြတ်တောက်မှုများမှ ခုခံနိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ ထိုလုပ်ဆောင်ချက်သည် စီးပွားရေးဆိုင်ရာ တည်ငြိမ်မှုကိုဦးတည်ပြီး ကုန်သွယ်ရေး မူဝါဒ တင်းမာမှုများမြင့်တက်လာခြင်းထက် လက်တွေ့ကျသည့် ချဉ်းကပ်မှုပုံစံကို ဖော်ညွှန်းလျက်ရှိပါသည်။

Source - https://knnindia.co.in/news/newsdetails/global/canada-eases-import-tariffs-on-steel-aluminium-from-us-and-china

ဒေါ်စုစုအောင်
ဒုတိယဦးစီးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## စင်ကာပူနိုင်ငံ၌ (၁၁) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုညီလာခံ (11th ASEAN Competition Conference) ကျင်းပ

(၁၁) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုညီလာခံ (11th ASEAN Competition Conference) ကို **"A New Era for Competition Policy in ASEAN"** ခေါင်းစဉ်ဖြင့် စင်ကာပူနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့က ကျင်းပခဲ့ပြီး မူဝါဒချမှတ်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရပ်ပိုင်းဆိုင်ရာပညာရှင်များ၊ နိုင်ငံတကာမှ မိတ်ဖက်များက ဒေသတွင်း၌ ယှဉ်ပြိုင်မှု မူဝါဒဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးရန်နှင့် ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်သည့် ဒေသတွင်းစီးပွားရေးကို တည်ဆောက်ရန်အတွက် ယှဉ်ပြိုင်မှု မူဝါဒနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာမှုတို့၏ ထိန်းကျောင်းနိုင်မှုကို လေ့လာရန်ဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဆိုင်ရာ ဝါရင့်ဝန်ကြီး Ms. Low Yen Ling က အာဆီယံအနေဖြင့် ကမ္ဘာ့စီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးကွက်များကို ဆက်လက်ထိန်းထားရမည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးကွက်များကို အားပေးခြင်း၊ မျှတသည့်ယှဉ်ပြိုင်နိုင်မှုအတွက် အကန့်အသတ်များကို ဖယ်ရှားခြင်းသည် အာဆီယံဒေသအတွက် ၂၀၃၀ ပြည့်နှစ်တွင် အလုပ်အကိုင်အသစ် ၁၂ သန်းနှင့် အသားတင် စီးပွားရေးတန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၀ ဘီလီယံရှိနိုင်မည့် ကမ္ဘာ့တန်ဖိုးကွင်းဆက် ကြံ့ကြံ့ခံနိုင်မှုကို ပိုမိုအားကောင်းစေကြောင်းကို အလေးပေးပြောကြားခဲ့ပါသည်။

ညီလာခံတွင် အာဆီယံယှဉ်ပြိုင်မှုအစီအစဉ် ၂၀၂၆-၂၀၃၀ (ASEAN Competition Action Plan 2026-2030) ကို ကြေညာခဲ့ပါသည်။ အဆိုပါအစီအစဉ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန်နှင့် စည်းမျဉ်းစည်းကမ်း လိုက်နာနိုင်မှုကို အားပေးမြှင့်တင်ရန်အတွက် အာဆီယံ၏ မဟာဗျူဟာကျသည့် ဦးတည်ချက်ဖြစ်ပြီး အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (ASEAN Experts Group on Competition) က အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံ ယှဉ်ပြိုင်မှုနှင့် စားသုံးသူရေးရာကော်မရှင် (Competition and Consumer Commission of Singapore-CCCS) က AI Markets Toolkit ကို ကြေညာမည်ဖြစ်ပြီး AI models များနှင့် ယှဉ်ပြိုင်မှုနှင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို အကဲဖြတ်ရာတွင် စီးပွားရေးလုပ်ငန်းများကို အကူအညီဖြစ်စေမည်ဖြစ်ပါသည်။ **"AI Markets Toolkit သည် တီထွင်ဆန်းသစ်မှုနှင့် စည်းမျဉ်းစည်းကမ်း လိုက်နာမှု**

**တို့ကို ချိန်ညှိပေးမည်ဖြစ်ကြောင်း၊ မမျှတသည့်ယှဉ်ပြိုင်မှုများကို တားဆီးနိုင်ပြီး စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်သည့် ယုံကြည်စိတ်ချရသော ဝန်းကျင်တစ်ခုကို ဖန်တီးပေးမည် ဖြစ်ကြောင်း"** Ms. Low က ရှင်းပြခဲ့ပါသည်။

CCCS ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Max Loh က **"ဒီဂျစ်တယ်ဈေးကွက်သည် နိုင်ငံနယ်နိမိတ်များကို ကျော်လွန်၍ လုပ်ဆောင်လျက်ရှိရာ အာဏာပိုင်အဖွဲ့အစည်းတစ်ခုတည်းမှ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများသည် အာဆီယံစီးပွားရေး၏ ၉၅ ရာခိုင်နှုန်းကျော်ရှိပြီး မျှတသည့် ယှဉ်ပြိုင်မှု မူဝါဒများကြောင့် အကျိုးကျေးဇူးများ ခံစားရခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။

Source: စင်ကာပူနိုင်ငံ ယှဉ်ပြိုင်မှုနှင့် စားသုံးသူ ရေးရာကော်မရှင် (Competition and Consumer Commission of Singapore-CCCS)

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ကုန်သွယ်ရေးသဘောတူညီချက်အသစ်အရ အမေရိကန်နိုင်ငံ၏ စက်မှုနှင့် စိုက်ပျိုးရေးကုန်စည်များအပေါ် အကောက်ခွန်အားလုံးကို ကမ္ဘောဒီးယားနိုင်ငံက ဖယ်ရှားပေးမည်ဖြစ်

အမေရိကန်နိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဈေးကွက်သို့ မကြုံစဖူးဝင်ရောက်ခွင့်ရရှိစေမည့် ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို အမေရိကန်နိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ သဘောတူညီခဲ့ကြပါသည်။ အိမ်ဖြူတော်၏ အဆိုအရ ကမ္ဘောဒီးယားနိုင်ငံသည် အစားအသောက်နှင့် စိုက်ပျိုးရေး ထွက်ကုန်များနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် အမေရိကန်နိုင်ငံ၏ ကုန်ပစ္စည်းများအပေါ် အခွန်အားလုံးကို ဖယ်ရှားပေးရန် သဘောတူညီခဲ့ပြီး အမေရိကန်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်များကို အခွန်ကောက်ခံခြင်း မပြုတော့ပါ။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်များအား ကမ္ဘောဒီးယားနိုင်ငံတွင် မကြုံစဖူး ဈေးကွက်ဝင်ရောက်ခွင့် အဆင့်များကို ပေးစွမ်းမည့် ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အမေရိကန်နိုင်ငံနှင့် ကမ္ဘောဒီးယာနိုင်ငံတို့သည် တရားဝင်

စည်းနှောင်မှုရှိသော အပြန်အလှန် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို ရရှိခဲ့ပြီး၊ ၎င်းသည် အမေရိကန်နိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအား ကမ္ဘောဒီးယားနိုင်ငံ၏ဈေးကွက်သို့ ဝင်ရောက်နိုင်စေမည့်အပြင် အမေရိကန်နိုင်ငံ၏ အမျိုးသားနှင့် စီးပွားရေး လုံခြုံရေးကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။

အမေရိကန်-ကမ္ဘောဒီးယား အပြန်အလှန်ကုန်သွယ်ရေး သဘောတူညီ ချက်၏ အဓိက စည်းကမ်းချက်များတွင် အောက်ပါတို့ ပါဝင်သည်-

**အခွန်စည်းကြပ်မှုများ-**

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်းနိုင်ငံသို့တင်ပို့သော အမေရိကန်ထုတ်ကုန်များ၏ ၁၀၀ ရာခိုင်နှုန်းအပေါ် အကောက်ခွန်များကို ဖယ်ရှားပေးခဲ့ပြီး အမေရိကန် ပို့ကုန် အမျိုးအစားအားလုံးအတွက် စီးပွားရေးအရ အဓိပ္ပာယ်ရှိသောဈေးကွက် ဝင်ရောက်ခွင့် အခွင့်အလမ်းများကို ဖန်တီးပေးခဲ့ကာ အရည်အသွေးမြင့် အမေရိကန် အလုပ်အကိုင်များကို ပံ့ပိုးပေးခဲ့ပါသည်။

**အမေရိကန်စက်မှုပို့ကုန်များအတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် အောက်ပါတို့အပါအဝင် အကောက်ခွန် မဟုတ်သော အတားအဆီးအမျိုးမျိုးကို ဖြေရှင်းရန် ကတိပြုထားသည်-

(၁) သွင်းကုန်လိုင်စင်နှင့် စည်းမျဉ်းစည်းကမ်း လိုအပ်ချက်များကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းနှင့် ဖြေလျှော့ခြင်း၊

(၂) အမေရိကန် မော်တော်ယာဉ်ဘေးကင်းရေးနှင့် ထုတ်လုပ်မှုစံနှုန်းများနှင့်အညီ တည်ဆောက်ထားသော အမေရိကန် ထုတ်မော်တော်ယာဉ်များကို လက်ခံခြင်းနှင့်

(၃) အမေရိကန် အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲရေးဌာန၏ လက်မှတ်များနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် ဆေးဝါးများအတွက် ကြိုတင်ဈေးကွက်ရှာဖွေရေး ခွင့်ပြုချက်များကို လက်ခံခြင်းတို့ဖြစ်သည်။

**အမေရိကန်နိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်များအတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားခြင်း**

ကမ္ဘောဒီးယား နိုင်ငံသည် အမေရိကန်နိုင်ငံ စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုကို အသိအမှတ်ပြုခြင်းနှင့် အမေရိကန်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်း အာဏာပိုင်များမှ ထုတ်ပေးသော လက်မှတ်များကို လက်ခံခြင်းအပြင် အမေရိကန်



နိုင်ငံ၏ သန့်ရှင်းမှုနှင့် သီးနှံပိုးမွှား ကင်းစင်မှု အစီအမံများနှင့် အစားအသောက်နှင့် စိုက်ပျိုးရေး ထုတ်ကုန်များအတွက် အခြားအစီအမံများကို အသိအမှတ်ပြုခြင်း အပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၏ ဈေးကွက်တွင် အမေရိကန်နိုင်ငံမှ စိုက်ပျိုးရေးပို့ကုန်များအပေါ် အတားအဆီးများကို ဖြေရှင်းရန်နှင့် ကာကွယ်ရန် ကတိပြုထားပါသည်။

ဒီဂျစ်တယ်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများ ဖယ်ရှားခြင်းတွင် ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် အီလက်ထရောနစ် ထုတ်လုပ်မှုများအပေါ် အကောက်ခွန်များကို အပြီးအသတ် ရပ်ဆိုင်းရန် ကတိကဝတ်များအပါအဝင် ဒီဂျစ်တယ်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြည့်စုံသော ကတိကဝတ်များကိုလည်း ပြုလုပ်ထားပါသည်။

**အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကာကွယ်ခြင်းနှင့် ပြဋ္ဌာန်းခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်နိုင်ငံမှတီထွင်သူများနှင့် ဖန်တီးသူများအတွက် အကျိုးရှိစေမည့် ကတိကဝတ်များကို ပြုလုပ်ထားပြီး ဉာဏပစ္စည်းမူပိုင်ခွင့် ခိုးယူမှုကို ဦးစားပေးပြဋ္ဌာန်းထားခြင်းဖြင့် ဉာဏပစ္စည်းမူပိုင်ခွင့် ကာကွယ်မှုကို မြှင့်တင်ပေးပါသည်။ ၎င်းတွင် နိုင်ငံတကာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စာချုပ်များကို ပူးပေါင်းခြင်းနှင့် အပြည့်အဝအကောင်အထည်ဖော်ခြင်း၊ အတုပြုလုပ်ခြင်းနှင့် မူပိုင်ခွင့်ချိုးဖောက်ခြင်းအတွက် နာမည်ဆိုးဖြင့်ကျော်ကြားသောဈေးကွက်များကို တိုက်ဖျက်ခြင်းတို့ ပါဝင်သည်။

**စီးပွားရေးလုံခြုံရေး ညှိနှိုင်းမှု အားကောင်းစေခြင်း**

အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ထောက်ပံ့ရေးကွင်းဆက်ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ကတိပြုခဲ့သည်။ ၎င်းတွင် ပြင်ပအဖွဲ့အစည်းများ၏ မမျှတသော ကုန်သွယ်မှုမူဝါဒများကို ဖြေရှင်းရန် အပြန်အလှန်ဖြည့်စွက် လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်း၊ ပို့ကုန် ထိန်းချုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အခွန်ရှောင်တိမ်းမှုကို ဖြေရှင်းခြင်းတို့ ပါဝင်သည်။

**အလုပ်သမားကာကွယ်စောင့်ရှောက်ရေး အားကောင်းစေခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော အလုပ်

သမားအခွင့်အရေးများကို ကာကွယ်ရန် ကတိကဝတ်ပြုထားပြီး၊ အခမ့်လုပ်အားပေး ခိုင်းစေခြင်းဖြင့်ပြုလုပ်သော ကုန်ပစ္စည်းများ တင်သွင်းခြင်းကို တားမြစ်ခြင်း၊ အလုပ်သမားများ၏ လွတ်လပ်စွာအသင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းတောင်းဆိုခွင့်ဆိုင်ရာ အခွင့်ရေးများကို အပြည့်အဝကာကွယ်ရန် ၎င်း၏အလုပ်သမား ဥပဒေများကို ပြင်ဆင်ခြင်းနှင့် ၎င်း၏အလုပ်သမားဥပဒေများ ပြဋ္ဌာန်းခြင်းကို အားကောင်းစေခြင်း တို့ပါဝင်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အားကောင်းစေခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြင့်မားသော ပတ်ဝန်းကျင်ကာကွယ်ရေးအဆင့်များကိုလက်ခံကျင့်သုံးပြီး ထိန်းသိမ်းရန်နှင့် ၎င်း၏ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို ထိရောက်စွာ ပြဋ္ဌာန်းရန် ကတိပြုထားပါသည်။

**နိုင်ငံပိုင်လုပ်ငန်းများနှင့် အထောက်အပံ့များကို ရင်ဆိုင်ခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့်အခါ ၎င်း၏နိုင်ငံပိုင် လုပ်ငန်းများ၏ မှားယွင်းသော အပြုအမူများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ပြည်တွင်းထုတ်လုပ်မှုဆိုင်ရာ အထောက်အပံ့များကြောင့် ဖြစ်ပေါ်လာသော မှားယွင်းမှုများကို ကိုင်တွယ်ဖြေရှင်းရန် ကတိပြုထားပါသည်။

**ကုန်သွယ်ရေး သဘောတူညီချက်များ ချမှတ်ခြင်း**

အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အာကာသနှင့် အာကာသကဏ္ဍတွင် ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ခဲ့ပြီး ၎င်းသည် အမေရိကန်နိုင်ငံ၏ ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်များကို ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။

**ပြည့်စုံကြွယ်ဝသော အနာဂတ်လမ်းကြောင်း**

လာမည့်ရက်သတ္တပတ်များတွင် အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘောဒီးယား နိုင်ငံတို့သည် အမေရိကန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများ အတွက် အကျိုးကျေးဇူးများရရှိစေရန်အတွက် သဘောတူညီချက် အသက်မဝင်မီ သက်ဆိုင်ရာ ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်အတွက်ကုန်စည် ကုန်သွယ်မှုတွင် ၁၈ နိုင်ငံမြောက် အကြီးမားဆုံး လိုငွေပြမှုဖြင့် ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံ၏ စုစုပေါင်း ကုန်စည်ကုန်သွယ်မှု လိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံ ရှိခဲ့ပါသည်။

သမ္မတထရမ့်သည် အမေရိကန်နိုင်ငံမှ လုပ်သားများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊

လယ်သမားများ၊ အသေးစားစီးပွားရေး လုပ်ငန်းများနှင့် ဒီဂျစ်တယ် ဆန်းသစ်တီထွင်သူများအတွက် အကျိုးရှိစေမည့် ရှေ့အလားအလာကို မျှော်ကြည့်၍ ခက်ခဲသော ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ဤသဘောတူညီချက်သည် အမေရိကန်နိုင်ငံအတွက် အောင်ပွဲခံသည့်ပုံစံနှင့် ခံစားရမည့်ပုံစံဖြစ်ပါသည်။

**အမေရိကန်နိုင်ငံကို မျှတမှုမရှိသော ကုန်သွယ်ရေးလုပ်ဆောင်မှုများမှ လွတ်မြောက်စေခြင်း**

ပထမနေ့မှစ၍ သမ္မတထရမ့်သည် အမေရိကန်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းများသည် ဆယ်စုနှစ်များစွာ အားနည်းချက်များဖြစ်စေပြီး သမိုင်းဝင်ကုန်သွယ်ရေးလိုငွေပြမှုကို ဖြစ်ပေါ်စေခဲ့သော မတရားသော ကုန်သွယ်ရေးလုပ်ဆောင်မှုများကို သည်းခံရမည်ဟူသော အယူအဆကို စိန်ခေါ်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် သမ္မတထရမ့်သည် နှစ်နိုင်ငံ ကုန်သွယ်ဖက်ဆက်ဆံရေးတွင် အပြန်အလှန်မရှိခြင်း၊ မမျှတသောအခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများနှင့် ပြည်တွင်းလုပ်ခလစာနှင့် သုံးစွဲမှုကို ဖိနှိပ်သည့် အမေရိကန်နိုင်ငံ ကုန်သွယ်ဖက်များ၏ စီးပွားရေးမူဝါဒများကြောင့် ဖြစ်ပေါ်လာသော အမေရိကန် ကုန်စည်ကုန်သွယ်မှု လိုငွေကြီးမားပြီး စဉ်ဆက်မပြတ် ရှိနေခြင်းအတွက် အမျိုးသားအရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

သမ္မတထရမ့်သည် အမေရိကန်ပို့ကုန်လုပ်ငန်းရှင်များအတွက် ဈေးကွက်ဝင်ရောက်ခွင့်ကို တိုးချဲ့ခြင်းဖြင့် အမေရိကန်နိုင်ငံ ပြည်သူများနှင့် စိုက်ပျိုးရေးကဏ္ဍ၏အကျိုးစီးပွားများကို ဆက်လက် တိုးတက်အောင် လုပ်ဆောင်လျက်ရှိပါသည်။

Source: https://www.khmertimeskh.com/501779826/cambodia-to-eliminate-all-tariffs-on-u-s-goods-under-new-trade-deal/

ဒေါ်မေမြင့်ဗိုလ်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## မြန်မာနှင့် ကာဇက်စတန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ

ကာဇက်စတန်နိုင်ငံသည် အလယ်အာရှနှင့် ရှေ့ဥရောပ၌ တည်ရှိပြီးအာရှနှင့် ဥရောပတိုက် နှစ်ခုစလုံးတွင် ပါဝင်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် နဝမမြောက် အကြီးဆုံးနိုင်ငံဖြစ်ပြီး အကြီးဆုံးကုန်းတွင်းပိတ် နိုင်ငံတစ်ခုဖြစ်ကာ အနောက် ဥရောပထက်ပင် ဧရိယာပိုမိုကြီးမားပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ရုရှား၊ တရုတ်၊ ကာဂျစ်စတန်၊ ဉဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး မြို့တော်အမည်မှာ အက်စ်တာနာ ဖြစ်ပြီး ယခင်မြို့တော်ဖြစ်သော အာမာတီမြို့မှ ၁၉၉၇ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပါသည်။



ကာဇက်ဘာသာစကား အသုံးပြုပြီး ရုရှားဘာသာ စကားကိုလည်း တွင်တွင်ကျယ်ကျယ်သုံးစွဲ၍ ကာဇက်၊ ရုရှား၊ ယူကရိန်း၊ ဂျာမန်၊ ဉဇဘက်၊ တာတာနှင့် ဝီဂါလူမျိုးများ နေထိုင်ကြပါသည်။ ဆိုဗီယက်ယူ နီယံပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် သီးခြားလွတ်လပ်သော နိုင်ငံတစ်ခု ဖြစ်လာခဲ့ပြီး ပထမဆုံး သမ္မတမှာ နူဆူလ်တန် နာဇာဘာယက်ဗ် (Nursultan Nazarbayev) ဖြစ်ပြီး ၂၀၁၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိသမ္မတအနေဖြင့် ကာဆင်းတိုကာယဲ့ဗ် (Kassym Tokayev) ဖြစ်ပါသည်။

ကာဇက်စတန် နိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း ၎င်း၏ ပထဝီ အနေအထားအရ ကုန်းလမ်းဆက်သွယ်ရေးတွင် အလွန်အရေးပါသော နိုင်ငံတစ်ခု ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ ဥရောပ၊ ရုရှားနှင့် အလယ်အာရှဒေသများကို ကုန်းလမ်း၊ ရထားလမ်းများနှင့် ဆက်သွယ်ပေးနိုင်သော ဗဟိုချက်တစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ စက်မှုဇုန်များနှင့် ဥရောပရှိ စားသုံးသူဈေးကွက်များသို့ ရထားလမ်း၊ ကုန်းလမ်းကွန်ရက်ဖြင့် တိုက်ရိုက်ချိတ်ဆက်ပေးပါသည်။ ကမ္ဘာ့အကြီးဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်တင်ပို့သော နိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး ဥရောပနှင့် အာရှ၏ စွမ်းအင်လုံခြုံရေးအတွက် မရှိမဖြစ်အရေးပါသော ပိုက်လိုင်း (Pipelines) များ တည်ရှိရာဒေသလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ကာဇက်စတန်တို့သည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ကာဇက်နိုင်ငံ၏ ယူရေးရှားကုန်းမြေကို ဥရောပနှင့် ချိတ်ဆက်ပေးသကဲ့သို့ မြန်မာနိုင်ငံသည်လည်း တရုတ်၊ အိန္ဒိယနှင့် တောင်အာရှကို အိန္ဒိယသမုဒ္ဒရာဖြင့် ချိတ်ဆက်ပေးပါသည်။ ချိတ်ဆက်မှုများပိုမို ခိုင်မာလာပါက အာရှအလယ်ပိုင်းမှ အရှေ့တောင်အာရှသို့ ကုန်စည်များနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းနိုင်သော ဒေသတွင်းလမ်းကြောင်းသစ်တစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

**စီးပွားရေးနှင့်ကုန်သွယ်ရေး အခွင့်အလမ်းများ**

ကာဇက်စတန်သည် ကမ္ဘာပေါ်တွင် ဧရိယာအကြီးဆုံး ကုန်းတွင်းပိတ်နိုင်ငံ တစ်ခုဖြစ်သော်လည်း သဘာဝသယံဇာတနှင့် တွင်းထွက်ပစ္စည်းများ အလွန်ကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်ပါသည်။မြန်မာနိုင်ငံအတွက် ကာဇက်စတန်မှ တင်သွင်းနိုင်သော အဓိကပစ္စည်းများမှာ စွမ်းအင်နှင့်တွင်းထွက်ပစ္စည်းများ၊ စိုက်ပျိုးရေး နည်းပညာအပါအဝင် နည်းပညာများဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက် အထူးသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် ဖြည့်ဆည်းပေးနိုင်သည့် အလားအလာများ ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် သယံဇာတ အခြေခံကုန်ပစ္စည်းများ၊ ပင်လယ်ရေထွက်ပစ္စည်းများ ကြွယ်ဝသောကြောင့် ကာဇက်စတန်ဈေးကွက်သို့တင်ပို့နိုင်သော အဓိကကုန်စည်များစွာရှိပါသည်။ မြန်မာနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းသည်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးရှိသည့်အတွက် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union -EAEU) အဖွဲ့ဝင်ဖြစ်သော ကာဇက်စတန်၏ ဈေးကွက်ကိုထိုးဖောက်နိုင်ပါသည်။ ကာဇက်စတန်သည် သတ္တုတူးဖော်ခြင်းနှင့် သတ္တုသန့်စင်ခြင်း ကဏ္ဍများတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံနှင့် ခေတ်မီနည်းပညာများ ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်၏ သတ္တုတူးဖော်ရေး၊ သန့်စင်ထုတ်လုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံနှုန်းများနှင့် နည်းပညာများရယူပြီး တွင်းထွက်ထုတ်လုပ်မှုကဏ္ဍကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်နိုင်ပါသည်။ နှစ်နိုင်ငံအကြား သဘာဝသယံဇာတပစ္စည်းများဖလှယ်ခြင်း၊ စိုက်ပျိုးရေးနှင့် စက်မှုကုန်စည်များ ကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ချိတ်ဆက်ခြင်း၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်သော စီးပွားရေး အခွင့်အလမ်းများစွာရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

ကာဇက်စတန်နိုင်ငံသည် ၎င်း၏ ပထဝီအနေအထားတည်ရှိမှုနှင့် အဖိုးတန် တွင်းထွက် သယံဇာတပစ္စည်းများ ကြွယ်ဝသည့်အတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရသော နိုင်ငံတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးသော ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့ရာမှ နိုင်ငံခြားဝင်ငွေများ ရရှိနေသော နိုင်ငံဖြစ်ပါသည်။ ထို့ပြင် ယူရေနီယံနှင့် အခြားတွင်းထွက် သယံဇာတများကို ပြည်ပနိုင်ငံအများအပြားကို တင်ပို့ရောင်းချလျက်ရှိပါသည်။ ယူရေနီယံကို ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချ၍ ရေနံကို တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေများ ရရှိနေသည်လည်းဖြစ်သည်။ ကာဇက်စတန်နိုင်ငံမှာ ရုရှား၊ တရုတ်တို့အပြင် အမေရိကန်၊ တောင်ကိုရီးယား၊ ကာတာ၊ တူကီယဲနှင့် အနောက်ဥရောပနိုင်ငံအချို့လည်း ရင်းနှီးမြှုပ်နှံကြသည်။ Astana International Financial Center (AIFC) သည်လည်း National Digital Investment Platform ၏ အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ ကာဇက်စတန်၏ ကြီးမား သော ငွေကြေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးတစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။

AIFC သည် ဗဟိုအာရှဒေသ၏ အဓိကဘဏ္ဍာရေးစင်တာကြီးတစ်ခုဖြစ်ပြီး ဗဟိုအာရှဒေသအပြင် တရုတ်နိုင်ငံ အနောက်ပိုင်းဒေသ၊ အရှေ့ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါလျက်ရှိပါသည်။ ထို့ကြောင့် ကာဇက်စတန်သည်၎င်း၏ တွင်းထွက်သယံဇာတများ တင်ပို့ရောင်းချ၍ ရရှိလာသော နိုင်ငံခြားဝင်ငွေများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဖြင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများ လုပ်ငန်းများနှင့် ပေါင်းစပ်ကာ နိုင်ငံ၏ အနာဂတ်စီးပွားရေးကို ပုံဖော်နေသော ဗဟိုအာရှဒေသ၏ စီးပွားရေးမှာ ဦးဆောင်နေသော နိုင်ငံဟုပြောနိုင်ပါသည်။

ကာဇက်စတန်သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍစုံကနေ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းဖွင့်ပေးထား၍ မြန်မာနိုင်ငံအနေဖြင့်လည်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်၍ရသော အခွင့်အလမ်းများရှိသည် ဆိုသည်မှာလုံးဝသေချာနေပါသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ ကာဇက်စတန်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့သောခရီးစဉ်မှာ မြန်မာ-ကာဇက်စတန် နှစ်နိုင်ငံကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံပါက နှစ်နိုင်ငံလုံးအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ ကာဇက်စတန်နိုင်ငံကဲ့သို့

မြန်မာတွင်လည်း တွင်းထွက်သယံဇာတများစွာ ထွက်ရှိခြင်းအတွက် သတ္တုတူးဖော်ရေးလုပ်ငန်းများမှာ ကာဇက်စတန်နိုင်ငံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ပါသည်။ ထို့ပြင် ဒစ်ဂျစ်တယ်အစိုးရတစ်ရပ်အဖြစ် ကူးပြောင်းရန် အကောင်အထည်ဖော်နေသော မြန်မာအစိုးရအနေဖြင့် ဒစ်ဂျစ်တယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အလမ်းများ ရှိနေသည်ကိုလည်း မြင်တွေ့ရပါသည်။

## ပထဝီအနေအထားအရ ဗျူဟာမြောက်အချက်အချာကျမှု

ကာဇက်စတန်နိုင်ငံသည် ဆာဟတ်ဖို့ဒ်မက်ကင်ဒါ၏ **"Heart Land Theory"** အယူအဆနယ်မြေတွင် ပါဝင်နေပြီး ယူရေးရှားဒေသ၏ အလယ်ဗဟိုချက်လည်း ဖြစ်ကာ ကမ္ဘာ့အရှေ့နှင့် အနောက်ဒေသများအကြား ပေါင်းကူးတံတားသဖွယ် ဖြစ်နေသည်။ ကာဇက်စတန်နိုင်ငံသည် ကဏ္ဍပေါင်းစုံနိုင်ငံခြားရေး မူဝါဒကို ထောက်ခံပြီး အမေရိကန်၊ ဥရောပသမဂ္ဂ၊ ရုရှား၊ တရုတ် စသောနိုင်ငံများနှင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပြဿနာများ အထူးသဖြင့် စွမ်းအင်နှင့်ပတ်သက်၍ အရေးကြီးသော ချိတ်ဆက်မှုတစ်ခုအဖြစ် ရှိနေပါသည်။ ခြုံငုံကြည့်လျှင် ကာဇက်စတန်သည် အနောက်နိုင်ငံများ၊ ရုရှားနှင့်တရုတ်တို့၏ အကျိုးစီးပွားများအကြား အင်အားချိန်ခွင်လျှာ ထိန်းသိမ်းရာတွင် ဘက်ပေါင်းစုံ ချိန်ညှိနေရသော အခြေအနေမှာ ရှိနေပါသည်။ ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများသည် ဗဟိုအာရှမူဝါဒကို ပြုပြင်ပြောင်းလဲရန် အရေးကြီးသောအချက် ဖြစ်လာသောကြောင့် ကာဇက်စတန်အနေနှင့် ဘက်စုံသုံးနိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးလျက် ရှိသော်လည်း ၎င်း၏ အချုပ်အခြာအာဏာနှင့် မဟာဗျူဟာမြောက် ပထဝီအနေအထားကို ဆက်လက် ထိန်းသိမ်းထားရန်အတွက် ဝေးကွာလှသော အမေရိကန်၊ ဥရောပ သမဂ္ဂတို့ထက် အင်အားကြီး အိမ်နီးချင်းနှစ်နိုင်ငံ (ရုရှား၊ တရုတ်) တို့နှင့် ပူးပေါင်း ဆောင်ရွက်မည့် နည်းလမ်းသစ်များကို ရှာဖွေလျက်ရှိပါသည်။

## ရရှိလာနိုင်မည့် အခွင့်အလမ်းများ

ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ မြန်မာနိုင်ငံအတွက် ရရှိလာနိုင်သော အခွင့်အလမ်းများ ရှုမြင်ရမည်ဆိုလျှင် အခြေအနေအချို့နှင့် ဆက်စပ်တွေးဆကြည့်ရန် လိုအပ်ပါမည်။ အငယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေး စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ရုရှားနိုင်ငံပိုင် ROSATOM ကုမ္ပဏီနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာအနေဖြင့် ကမ္ဘာ့နံပါတ်တစ် ယူရေနီယံ

ထုတ်လုပ်သူ ကာဇက်စတန်နိုင်ငံ၏မြို့တော် အက်စတာနာမှာ နိုင်ငံ့အကြီးအကဲနှစ်ဦး တွေ့ဆုံခဲ့မှုသည် မိမိတို့နိုင်ငံ၏ လျှပ်စစ်ကဏ္ဍ အဖြေရှာရေးအတွက် အထောက်အကူဖြစ်ပေးမည့် အခွင့်အလမ်းတစ်ခုဖြစ်လာနိုင်သလို စီးပွားရေးနှင့် အခြားနယ်ပယ် အသီးသီးတို့မှာလည်း အခွင့်အလမ်းတွေ ရှိလာနိုင်ပါသည်။

အထူးအားဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်၍ လျှပ်စစ်ကိုထုတ်လုပ်သည့် နေရာမှာ အဓိကလောင်စာဖြစ်သော ယူရေနီယံကြွယ်ဝမှုသည် အဆိုပါ နိုင်ငံမှာ ရှိသော အားသာချက်ဟု ဆိုရမည်ဖြစ်ကာ နှစ်နိုင်ငံအကျိုးစီးပွား အပါအဝင် သဘောတူညီမှုများမှ ကာဇက်စတန်နိုင်ငံနှင့်အကြား မိမိတို့နိုင်ငံအနေဖြင့် ရယူ တည်ဆောက်နိုင်ခဲ့မည်ဆိုလျှင် ရုရှားနှင့်မြန်မာအကြား အငယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး ခြေလှမ်းများကိုပါ အထောက် အကူဖြစ်ပေးသဖြင့် မြန်ဆန်စေလာနိုင်ပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ အနေဖြင့် ကာဇက်စတန် နိုင်ငံနှင့်ဆက်ဆံရေးကောင်းများ ဆက်လက် တည်ဆောက်သွားနိုင် မည်ဆိုလျှင် ရုရှားဦးဆောင်သော ယူရေးရှား စီးပွားရေးယူနီယန် (Eurasian Economic Union) မှာ တက်ကြွစွာ ပိုမိုပါဝင်လာနိုင်မည့် ခြေလှမ်းများမှ နိုင်ငံတကာ စိန်ခေါ်မှုများကို ခံနိုင်ရည်ပိုမိုရှိလာနိုင်မည့်အပြင် နှစ်နိုင်ငံအကြားဆက်ဆံရေး အရလည်း မိတ်ဖက်နိုင်ငံ ကောင်းတစ်ခုကိုဆက်လက်ရှာဖွေနိုင်မည့် အနာဂတ် ခြေလှမ်းအတွက်ပါအကျိုးများလာနိုင်ပါကြောင်းသိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/52864

ဒေါ်ရီရီမွန်<br>ဒုတိယဦးစီးမှူး<br>ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အာဆီယံနှင့် မိတ်ဖက်နိုင်ငံများသည် ဆိုက်ဘာတိုက်ခိုက်မှုများ ကာကွယ်ရေးကို မြှင့်တင်ရန် ဒေသတွင်း လေ့ကျင့်မှုများပြုလုပ်

အင်တာနက်ဆိုင်ရာ ကွန်ယက်၏ နယ်နမိတ်များကို တိုက်ခိုက်နေသည့် ဆိုက်ဘာတိုက်ခိုက်မှုများ ပိုမိုတိုးမြင့်လာချိန်တွင် အာဆီယံနှင့် မိတ်ဖက်နိုင်ငံ များသည် အင်တာနက်လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် စင်္ကာပူနိုင်ငံ တွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (အင်္ဂါနေ့) မှစတင်ပြီး ဆိုက်ဘာ

လုံခြုံရေး လေ့ကျင့်မှု များကို ၂ ရက်ကြာ ကျင်းပပြုလုပ်လျက်ရှိသည်။




ASEAN CERT Incident Drill (ACID) ကို အဖြစ်အပျက် တုံ့ပြန်မှု လုပ်စဉ်များကို စမ်းသပ်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏ ဆွေးနွေးမှု မိတ်ဖက်နိုင်ငံများမှ ကွန်ပျူတာ အရေးပေါ် တုံ့ပြန်မှုအဖွဲ့ (Computer Emergency Response Teams-CERTs) များအကြား ဆိုက်ဘာလုံခြုံရေး ပြင်ဆင်မှုနှင့်ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်၍ ACID ကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အတွက် အဆိုပါ လေ့ကျင့်မှုများကို Singapore International Cyber Week 2025 နှင့် တစ်ပြိုင်တည်း ဆောင်ရွက်နေပြီး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ၊ ဆွေးနွေးမှု မိတ်ဖက် ၅ နိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ၂၀ ကြိမ်မြောက် ACID အခမ်းအနားသည် ASEAN Regional CERT Facility ပူးတွဲတည်ရှိရာ ASEAN-Singapore Cybersecurity Center of Excellence တွင် ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အခမ်းအနားတွင် အာဆီယံဒေသတွင်း CERT ၏ သတင်းအချက် အလက်မျှဝေခြင်း ပလက်ဖောင်း အသစ်ကို ပထမဆုံးအသုံးပြုခြင်းဖြစ်ကြောင်း စင်ကာပူဆိုက်ဘာလုံခြုံရေးအေဂျင်စီ CSA ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ယခုနှစ်အတွက် လေ့ကျင့်မှု၏ အဓိက theme မှာ **"Securing Network Devices at the Edge"** ဖြစ်ပြီး၊ VPN အသုံးပြုမှုနှင့် secure remote access gateways ကဲ့သို့သော network edge devices များတွင် ဖြစ်ပွားနိုင်သော ဆိုက်ဘာဖြစ်စဉ်များကို အဓိကထည့်သွင်းထားပါသည်။ CSA ၏ ထုတ်ပြန်ချက်တွင် အဖွဲ့အစည်းများသည် network edge devices များကို အသုံးပြုမှု ပိုမိုတိုးမြင့် လာသောကြောင့် ယခုလေ့ကျင့်မှုများသည် အဆိုပါပစ္စည်းများကို လုံခြုံအောင် ထိန်းသိမ်းနိုင်မည့် နည်းလမ်းများကို လေ့လာနိုင်မည့်အခွင့်အလမ်းဖြစ်ကြောင်း၊ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ASEAN Regional CERT Information Sharing Mechanism (ISM)ကို အကျိုးရှိရှိ အသုံးပြုသွားမည် ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ မေလတွင် စတင်အသုံးပြုခဲ့သည့် ISM ၏ လုပ်ငန်းစဉ်များသည် ဆိုက်ဘာခြိမ်းခြောက်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ နည်းပညာ ဖလှယ်မှုများနှင့်

ဆိုက်ဘာလေ့ကျင့်မှု ညှိနှိုင်းဆောင်ရွက်ခြင်းများကို ထောက်ပံ့နိုင်ရန် ချိတ်ဆက်ဆောင်ရွက်မှု channel ကို အဓိကထားခြင်းဖြစ်ပါသည်။

ASEAN Regional CERT Task Force ၏ ညှိနှိုင်းရေးမှူးနှင့် မလေးရှားအမျိုးသားဆိုက်ဘာလုံခြုံရေးအေဂျင်စီ ဥက္ကဋ္ဌ Dr Megat Zuhairy Megat Tajuddin က ASEAN CERT Incident Drill (ACID) သည် ဒေသတွင်း ဆိုက်ဘာကြံ့ကြံ့ခံနိုင်မှုကို အားကောင်းစေမည့် ကတိကဝတ်ကို ကိုယ်စားပြုကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ယခုနှစ်တွင် တက်ရောက်သူများသည် နယ်နမိတ်ကျော်ဆိုက်ဘာ ဖြစ်စဉ်များကိုစီမံရန်အတွက် tabletop exercise နှင့် Advanced Persistent Threats (APTs) များအတွက် ကာကွယ်ရေးအထူးသင်တန်းများကို အခြေခံသည့် workshop တွင် ပူးပေါင်းပါဝင်သွားရမည်ဖြစ်သည်။

အဆိုပါ လေ့ကျင့်မှုများသည် ခြိမ်းခြောက်မှုလျော့ပါးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖယ်ရှားရေးတို့တွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းတစ်ရပ်ကို ပံ့ပိုးပေးသည့် နိုင်ငံအများအပြား၏ အရေးကြီးသော စနစ်များကို ထိခိုက်စေမှုများကို ဖြေရှင်းနိုင်ရန် အတူတကွ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့အပြင် Hack The Box ဟူသည့် ဆိုက်ဘာလုံခြုံရေးပလက်ဖောင်းတွင် ဆိုက်ဘာခြိမ်းခြောက်မှုများ ကမ္ဘာလုံးဆိုင်ရာ မြင့်တက်နေချိန် တွင် APT တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်ရန်နှင့် ကာကွယ်နိုင်ရန် လက်တွေ့ကျသော စွမ်းဆောင်ရည်များကို လေ့လာနိုင်ရန် Upskilling Blue Teams: Defending Against APTs အမည်ရှိသော workshop ကို ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://asean.bernama.com/news.php?id=2481253

ဒေါ်ဆုရည်ဆွေသဲဦး<br>ဒုတိယဦးစီးမှူး<br>ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## AI နည်းပညာက အမေရိကန်တွင် အလုပ်အကိုင်ပေါင်း သန်း (၁၀၀) နီးပါးကို ဖယ်ရှားပစ်နိုင်



AI နည်းပညာနှင့် အလိုအလျောက်စနစ်ဆိုင်ရာ နည်းပညာများသည် လာမည့် ဆယ်စုနှစ်အတွင်း အမေရိကန်တွင် အလုပ်အကိုင်ပေါင်း သန်း (၁၀၀) နီးပါးကို ခြိမ်းခြောက်လာနေကြောင်း အထက်လွှတ်တော်အမတ် Bernie Sanders က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ခုအရသိရသည်။ အဆိုပါ ခြိမ်းခြောက်မှုသည် စိတ်ပိုင်း ဆိုင်ရာအလုပ်များနှင့် ကာယလုပ်သားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်း များကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် အကြံပြုရေးသား ဖော်ပြ ထားသည်။

AI နည်းပညာနှင့် အလိုအလျောက်စနစ်ဆိုင်ရာ နည်းပညာများသည် မှတ်ပုံတင်ထားသော သူနာပြုများ၏ (၄၀) ရာခိုင်နှုန်း၊ ထရပ်ကားယာဉ်မောင်းများ၏ (၄၇) ရာခိုင်နှုန်း၊ စာရင်းကိုင်များ၏ (၆၄) ရာခိုင်နှုန်း၊ သင်ကြားရေးအကူများ၏ (၆၅) ရာခိုင်နှုန်းနှင့် အစားအသောက်ဝန်ဆောင်မှုပေးသည့် အလုပ်သမားများ၏ (၈၉) ရာခိုင်နှုန်းကို အစားထိုးသွားနိုင်ကြောင်းအစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။ အစီရင်ခံစာတွင် **"စိုက်ပျိုးရေးတော်လှန်ရေးဟာ နှစ်ထောင်ချီပြီးပေါ်ပေါက် ခဲ့ပါတယ်။ စက်မှုတော်လှန်ရေးကတော့ ရာစုနှစ် တစ်ခုကျော်ကြာခဲ့ပါတယ်။ AI နည်းပညာ လုပ်သားတွေကတော့ အနည်းဆုံး ဆယ်စုနှစ်တစ်ခုအတွင်း စီးပွားရေးကို ပြန်လည်ပုံဖော်နိုင်ပါတယ်"** ဟု ရေးသားဖော်ပြထားသည်။ အဆိုပါ သတိပေးချက် သည် AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အမေရိကန်၏ဦးဆောင်မှုကို ချန်ပီယံဖြစ်စေခဲ့သော အမေရိကန်သမ္မတဒေါ်နယ်ထရမ့် အုပ်ချုပ်ရေး၏ ရပ်တည်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်းလည်းသိရသည်။

ထို့ပြင် တရုတ်နိုင်ငံနှင့် နည်းပညာပြိုင်ဆိုင်မှုတွင် ရှုံးနိမ့်ခြင်းသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်စေနိုင်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်ပြောဆိုထားသည်။ အီလွန်မက်စ်၊ လာရီအယ်လီဆန်၊ ဇူကာဘတ်နှင့် ဂျက်ဘီဇော့တို့ အပါအဝင် ကမ္ဘာ့အချမ်းသာဆုံးလူအချို့သည် AI နည်းပညာတွင် အမေရိကန်ဒေါ်လာဘီလျံရာချီ ရင်းနှီးမြှုပ်နှံနေကြောင်း Bernie Sanders က မှတ်ချက်ပြုပြောဆိုထားသည်။

Source: https://npnewsmm.com/news/68efa064dcae360de11e5989

ဒေါ်စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## စင်ကာပူနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဓာတ်ဆီသုံးယာဉ် အသစ်များ မှတ်ပုံတင်ခြင်းကို ရပ်ဆိုင်းမည်ဖြစ်

စင်ကာပူနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မှစတင်၍ ဓာတ်ဆီစွမ်းအင်သုံး ယာဉ်အသစ်များ မှတ်ပုံတင်ခြင်းကို ရပ်ဆိုင်းတော့မည်ဖြစ်ပြီး Internal Combustion Engine (ICE) ယာဉ်များအားလုံးကို ၂၀၄၀ ပြည့်နှစ်တွင် ဖျက်သိမ်းရန်နှင့် သန့်ရှင်းသော စွမ်းအင်သယ်ယူပို့ဆောင်ရေးကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



စင်ကာပူနိုင်ငံတွင် လျှပ်စစ်ကား (EV) အရေအတွက်သည် ယခင် နှစ်ကုန်ပိုင်းတွင် ၂၆,၂၀၀ စီးရှိခဲ့ရာမှ ယခုနှစ်တွင် ၃၉,၈၀၀ စီးအထိ တိုးတက်ခဲ့ပြီး ၅၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အဆိုပါ ကူးပြောင်းမှုသည် ကားဝါသနာရှင်များ အကြားတွင် ဓာတ်ဆီအင်ဂျင်များ၏ ယဉ်ကျေးမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တန်ဖိုးများ ဆုံးရှုံးသွားမည်ကို စိုးရိမ်မှုများ မြင့်တက်စေခဲ့ပြီး အားသွင်းစခန်း အခြေခံအဆောက်အအုံနှင့် အရေးပေါ်ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဓာတ်ဆီသုံးယာဉ်များကို ဆက်လက်အသုံးပြုခြင်းဆိုင်ရာ မေးခွန်းများကိုလည်း ဖြစ်ပေါ်ခဲ့ပါသည်။

ကျွမ်းကျင်သူများအနေဖြင့် ယင်းအပြောင်းအလဲသည် ဓာတ်ဆီဆိုင် လုပ်ငန်းကို ထိခိုက်စေပြီး ဓာတ်ဆီဆိုင်အများစုသည် အကျိုးအမြတ်မရနိုင်ခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲရန် လိုအပ်ခြင်းတို့ ဖြစ်နိုင်ကြောင်းနှင့် အနေးအား သွင်းခြင်း (နေအိမ်၊ လုပ်ငန်းခွင် သို့မဟုတ် ဈေးဝယ်စင်တာများတွင်အားသွင်းခြင်း) သည် ဈေးကြီးသော အမြန်အားသွင်းစခန်းများအပေါ် မှီခိုခြင်းထက် ပိုမိုလက်တွေ့ကျပြီး ရေရှည်တည်မြဲ

နိုင်ကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

ပိုမိုကောင်းမွန်သော အားသွင်းစနစ်များ (Smart Charging Solutions) ကို အာဏာပိုင်များက တိုက်တွန်းလျက်ရှိရာ ယင်းတို့တွင် အကောင်းဆုံး စီမံထားသည့် အချိန်ဇယားနှင့် ဝန်အားစီမံခန့်ခွဲမှု (optimized scheduling and load management) တို့ ပါဝင်သည်။ ကုန်းလမ်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Land Transport Authority - LTA) က စင်ကာပူနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အားသွင်း စခန်းပေါင်း ၆၀,၀၀၀ ထားရှိရေး ရည်ရွယ်ထားရာ ပန်းတိုင်၏ တစ်ဝက်ခန့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိတွင် အားသွင်းစခန်းပေါင်း ၂၄,၀၀၀ တပ်ဆင် ထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံ၏ စွမ်းအင်အခြေခံအဆောက်အအုံ (energy infrastructure) အပေါ် သက်ရောက်မှုကို အကဲဖြတ်ရန်အတွက် လေ့လာမှုများ ဆက်လက်ဆောင်ရွက်နေကြောင်း သတင်းထုတ်ပြန်ထားပါသည်။

အခြေခံအဆောက်အအုံများ တိုးတက်လာသော်လည်း အကြီးမားဆုံးသော စိန်ခေါ်မှုမှာ အသုံးပြုသူများ၏ အလေ့အကျင့်များကို ပြောင်းလဲသွားရန် ဖြစ်ကြောင်း၊ EV ပိုင်ရှင်များသည် ရိုးရာဓလေ့အတိုင်း ဓာတ်ဆီဖြည့်တင်းခြင်းနှင့် ကွဲပြားသော နေ့စဉ်လုပ်ငန်းဆောင်တာများ သို့မဟုတ် ညအိပ်ချိန်အတွင်း အားသွင်းခြင်းစသည့် အားသွင်းပုံစံများကို လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။


Source: https://e.vnexpress.net/news/news/traffic/singapore-to-end-registration-of-new-petrol-vehicles-by-2030-4946339.html

ဒေါ်ပြုံးပြုံးရီ
ဦးစီးအရာရှိ
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့ကုန်သွယ်မှုအလားအလာ အစီရင်ခံစာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလထုတ် ကမ္ဘာ့ကုန်သွယ်မှုအလားအလာ အစီရင်ခံစာကို အောက်တိုဘာလ ၇ ရက်နေ့တွင် အသစ်ထုတ်ဝေခဲ့ပါသည်။

## ကမ္ဘာ့ကုန်သွယ်မှုအလားအလာ




အစီရင်ခံစာဖော်ပြချက်အရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုပမာဏမှာ ဩဂုတ်လအတွင်း ကြားဖြတ်ခန့်မှန်းခဲ့သော ၀.၉ ရာခိုင်နှုန်းမှ တိုးလာပြီး ၂.၄ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် အလား အလာမှာမူ ၀.၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း၊ ဝန်ဆောင်မှု ကုန်သွယ်မှုအတွက် ခန့်မှန်းချက်ကိုလည်း မွမ်းမံပြင်ဆင်ထားကာ စီးပွားဖြစ်ဝန်ဆောင်မှုများ တင်ပို့မှုပမာဏမှာ ၂၀၂၅ ခုနှစ်တွင် ၄.၆ ရာခိုင်နှုန်းနှင့် ၂၀၂၆ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်းတိုးလာရန် မျှော်လင့်ထားပြီး ယခင်ခန့်မှန်းချက်ထက် အနည်းငယ်တိုးလာကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် သယ်ယူပို့ ဆောင်ရေးဝန်ဆောင်မှုများတွင် တိုးတက်မှုနှုန်းမှာ ၁.၈ ရာခိုင်နှုန်း နှေးကွေးနေမည်ဟု မျှော်မှန်းထားပြီး ယင်းခန့်မှန်းချက်မှာ ကုန်စည်ကုန်သွယ်မှုတွင် လျော့ကျလာမည်ဟူသော အလားအလာကို ထင်ဟပ်စေကြောင်း ဖော်ပြထားပါသည်။

တစ်ချိန်တည်းတွင် အခြားစီးပွားရေးဝန်ဆောင်မှုများ ၅.၁ ရာခိုင်နှုန်းနှင့် ဒစ်ဂျစ်တယ်နည်းဖြင့် ဆောင်ရွက်သော ဝန်ဆောင်မှုများ ၅.၆ ရာခိုင်နှုန်းဖြင့် တိုးတက်မှု တည်ငြိမ်နေနိုင်ကာ ခရီးသွားတိုးတက်မှုနှုန်းမှာ ၄.၄ ရာခိုင်နှုန်းသို့ အနည်းငယ် တက်လာနိုင်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ယခင်နှစ်က ထက် ၄.၉ ရာခိုင်နှုန်း တက်လာပြီး မျှော်လင့်ထားသည်ထက် ပိုမိုမြန်ဆန်စွာ တိုးလာခဲ့ကြောင်း၊ ထိုသို့ တိုးတက် လာရသော အကြောင်းအရင်းများစွာ၌ ပိုမိုမြင့်မားသော အကောက်ခွန်နှုန်းများ အသက်ဝင်မလာမီ လုပ်ငန်းများနှင့် အိမ်ထောင်စုများ၏ အမြောက်အများ ဝယ်ယူမှုကြောင့်ဖြစ်ကြောင်း၊ ယခုနှစ်ပထမသုံးလပတ်တွင် မြောက်အမေရိက သွင်းကုန်များကို တစ်ဟုန်ထိုး တင်သွင်းခဲ့ကြောင်း၊ မြောက်အမေရိက တင်သွင်းမှု၏ သုံးပုံ တစ်ပုံခန့်မှာ အဖိုးတန် သတ္တုများဖြစ်ပြီး ကျန်ကုန်စည်များတွင် အဓိကအားဖြင့်

လျှပ်စစ် ပစ္စည်းများ (အစိတ်အပိုင်းများအပါအဝင်)နှင့် ဓာတုပစ္စည်း (အများအားဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ဥရောပနိုင်ငံများနှင့် ပင်ရင်းဖြစ်သော ဆေးဝါးများ) ပါဝင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

တစ်ဆက်တည်းမှာပင် ဥရောပသမဂ္ဂ၏ မြောက်အမေရိကမှ သွင်းကုန်များမှာ မတ်လတွင် မြင့်တက်လာခဲ့ပြီး အတ္တလန်တိတ်တစ်ဝှမ်းရှိ ထောက်ပံ့ရေး ကွင်းဆက်များ လည်ပတ်နေသော ကုမ္ပဏီများက အထူးသဖြင့် ဆေးဝါးကဏ္ဍတွင် ၎င်းတို့၏ ကုန်လက်ကျန် စုဆောင်းမှုများကို တိုးမြှင့်လာစေရန် ဖြည့်ဆည်းထားကြခြင်းဖြစ်ကြောင်း၊ ခန့်မှန်းချက်အသစ်အရ အာရှဒေသသည် ၂၀၂၅ ခုနှစ်တွင် ပို့ကုန်တိုးတက်မှုနှုန်း အမြန်ဆန်ဆုံးဖြစ်ပြီး ၅.၃ ရာခိုင်နှုန်းရှိကြောင်း၊ သိရှိရ ပါသည်။

## AI နည်းပညာအသုံးပြုကုန်သွယ်မှုများ

ဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာ ကုန်စည်များသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှု၏ အဓိကမောင်းနှင်အားအဖြစ်ပေါ်ထွက်လာခဲ့ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ပရိဆက်ဆာများမှသည် ကွန်ပျူတာများ၊ ဆာဗာများနှင့် ဆက်သွယ်ရေး ပစ္စည်းကိရိယာများအထိ AI နှင့် ပတ်သက်သည့် ထုတ်ကုန်လိုင်းပေါင်း ၁၀၀ ခန့်တို့ကို ကုန်သွယ်ခဲ့ရာ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၁.၆၁ ထရီလီယံမှ ၂၀၂၅ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁.၉၂ ထရီလီယံသို့ ၂၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ကြောင်း၊ AI နည်းပညာသည် ကုန်သွယ်မှု ကုန်ကျစရိတ်များကို လျှော့ချပေးခြင်း၊ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် ၂၀၄၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့ကုန်သွယ်မှုပမာဏကို လက်ရှိအခြေအနေထက် ၄၀ ရာခိုင်နှုန်းနီးပါးအထိ မြှင့်တင်နိုင်ခြေရှိသည်ဟု တွက်ချက်ထားကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အထူးသဖြင့် ဒစ်ဂျစ်တယ်နည်းဖြင့် ပေးပို့နိုင်သော ဝန်ဆောင်မှုကဏ္ဍ (ဥပမာ - အဝေးမှ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ) သည် ၄၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

## ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်ရေးတွင် ဖွံ့ဖြိုးတိုးတက်လာမှု

AI နှင့်ဆက်နွယ်သော ကုန်သွယ်မှုကို အဓိကဆောင်ရွက်သည့် ဒေသမှာ အာရှဒေသဖြစ်ပြီး၊ ကမ္ဘာ့ AI နှင့် ဆက်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးမှု၏ သုံးပုံနှစ်ပုံခန့်ရှိကြောင်း၊ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ် (တိုင်ပေ)တို့မှာ အဓိက ဖြစ်ကြောင်း၊ ဗီယက်နမ်နှင့် ထိုင်းကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများ၏ အခန်းကဏ္ဍမှာလည်း

ခိုင်မာလာကြောင်း၊ ၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်၌ အာရှတိုက်မှ ကုန်စည်တင်ပို့မှု ဖွံ့ဖြိုးမှုနှုန်း ၁၀.၄ ရာခိုင်နှုန်းရှိခဲ့ကာ၊ ၎င်း၏နောက်တွင် အမေရိကတောင်ပိုင်း၊ အလယ်ပိုင်းနှင့် ကာရစ်ဘီယန်က ၇.၄ ရာခိုင်နှုန်း၊ အာဖရိကက ၆.၃ ရာခိုင်နှုန်း၊ အရှေ့ အလယ်ပိုင်းဒေသက ၃.၇ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း၊ တင်သွင်းမှု၌ တောင်အမေရိကက ၁၄.၇ ရာခိုင်နှုန်း၊ အာဖရိကက ၁၄.၇ ရာခိုင်နှုန်း၊ မြောက်အမေရိက က ၉.၄ ရာခိုင်နှုန်း၊ အာရှတိုက်က ၅.၈ ရာခိုင်နှုန်း၊ အရှေ့ အလယ်ပိုင်းက ၅.၁ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

သို့ရာတွင် မြောက်အမေရိကဘက်မှ တင်သွင်းမှုမှာ ပထမနှင့် ဒုတိယ လေးလပတ်အတွင်း ၁၃.၉ ရာခိုင်နှုန်း သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း၊ AI နှင့် ဆက်စပ်သော ကုန်ပစ္စည်းများမှာ အခြားကုန်စည်များနှင့် မတူဘဲ ပိုမိုတည်ငြိမ်သော အရှိန်အဟုန်ဖြင့် ဆက်လက်တိုးလာကာ သုံးလပတ် နှစ်ပတ်လုံးတွင် ကုန်သွယ်မှု ၀.၄ ရာခိုင်နှုန်း ဝန်းကျင် တိုးလာကြောင်း၊ ၂၀၂၅ ခုနှစ် ကျန်နှစ်ဝက်တွင် AI နှင့် ဆက်စပ်သော ကုန်သွယ်မှု အရှိန်အဟုန်မှာ အမေရိကန် ပြည်ထောင်စုထက် ကျော်လွန်လာကြောင်း၊ အခြားနိုင်ငံများသည်လည်း ကမ္ဘာလုံးဆိုင်ရာ AI နှင့် ပတ်သက်သော ကုန်သွယ်မှု တိုးတက်မှု၏ ၄၀ ရာခိုင်နှုန်းနီးပါး ပါဝင်နေပြီး အာရှတိုက်မှ ရောင်းချသူများနှင့် ထွန်းသစ်စ ဈေးကွက်များမှာ ပိုမိုထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြကြောင်း ဖော်ပြထားပါသည်။

AI နှင့် ဆက်စပ်သော ကုန်သွယ်ရေးချဲ့ထွင်မှုမှာ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကြောင့် မဟုတ်ဘဲ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ တည်ဆောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ကျယ်ပြန့်သော ဖွံ့စည်းတည်ဆောက်ပုံ လှိုင်းကို ကိုယ်စားပြုလျက်ရှိကြောင်း၊ **"AI ၏ အကျိုးကျေးဇူးများကို ကမ္ဘာအနှံ့ မျှဝေခံစားနိုင်ရေးသည် မူဝါဒချမှတ်သူများ၏ ဆုံးဖြတ်ချက်ပေါ်တွင် မူတည်နေသည်"** ဟု အစီရင်ခံစာကဖော်ပြထားကြောင်း သိရှိရပါသည်။

Source: https://commerce.gov.mm/my/article/update-news-international-trade/32691

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့ကြား လေယာဉ်ခရီးစဉ် ငါးနှစ်ကြာ ပြတ်တောက်ပြီးနောက် ပြန်လည်စတင်ခြင်း

လေကြောင်းကုန်သွယ်ရေး ခရီးစဉ်များနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ငါးနှစ်ကြာ ခရီးစဉ်များရပ်ဆိုင်းထားပြီးနောက် ပြန်လည်စတင်ခဲ့သည့်အတွက် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံနှစ်ခုကြား ဆက်ဆံရေးပြန်လည် ကောင်းမွန်လာသည့် အခြေအနေတစ်ရပ် ဖြစ်လာခဲ့သည်။ IndiGo လေယာဉ် 6E 1703 သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် အိန္ဒိယနိုင်ငံ ကာလကတ္တားလေဆိပ်မှ ထွက်ခွာခဲ့ပြီး သုံးနာရီခွဲခန့် ကြာပြီးနောက် တရုတ်နိုင်ငံ တောင်ပိုင်းကွမ်ကျိုးမြို့သို့ ဆိုက်ရောက်ခဲ့သည်။ ကာလကတ္တားလေဆိပ် ဒါရိုက်တာ ပရဗတ်ရန်ဂျန်ဘဲရီးယားက အိန္ဒိယသတင်းဌာန ANI (**Asian News International)** ၏ ပြောကြားချက်အရ ခရီးစဉ်တွင် လေယာဉ်ခရီးသည် ၁၇၆ ဦး ပါဝင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်က စတင်၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ ပြည်မကြီးအကြား လေကြောင်းပျံသန်းမှုများကို ယာယီရပ်ဆိုင်းထားခဲ့ပြီး **ဟိမဝန္တာ** နယ်နမိတ်ဒေသ အငြင်းပွားမှုကြောင့် သေကျေပျက်စီးမှုဖြစ်ပွားခဲ့သည့် ပဋိပက္ခအပြန်အလှန် တိုက်ခိုက်မှုများကြောင့် တင်းမာမှုများ ဆက်လက်မြင့်တက်နေချိန်တွင် လေကြောင်းပျံသန်းမှုများ ဆက်လက်ရပ်ဆိုင်းခဲ့ရသည်။ နျူကလီးယား လက်နက်ပိုင်ဆိုင်သည့် အိမ်နီးချင်းနိုင်ငံနှစ်ခုသည် ယခုအခါတွင် တင်းမာမှုများလျှော့ချရန် ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အငြင်းပွားဖွယ် နယ်နိမိတ် တစ်လျှောက် စစ်ရေးစစ်ရာချိတ်ဆက်မှုများ ရပ်ဆိုင်းရေးသဘော တူညီချက်နှင့် ငါးနှစ်အတွင်း ပထမဆုံးအကြိမ် အပြန်အလှန်ဆွေးနွေးမှုများ ပြန်လည်စတင်ခြင်းတို့ကို သဘောတူညီခဲ့ကြသည်။

တရုတ်သံရုံး၏ အိန္ဒိယဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ယူဂျင်းက လေကြောင်း ပျံသန်းမှုခရီးစဉ်နှင့် ပတ်သက်၍ အတည်ပြုခဲ့ပြီး “ X ” လူမှုကွန်ရက် စာမျက်နှာတွင် **“တရုတ်နိုင်ငံနှင့် အိန္ဒိယတို့အကြား တိုက်ရိုက်ခရီးစဉ်များ ယခုအခါ အမှန်တကယ် စတင်လာပြီ”** ဟု ရေးသားဖော်ပြခဲ့သည်။ ကုမ္ပဏီပိုင် တရုတ်အရှေ့ပိုင်း လေကြောင်း (China Eastern Airlines) သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှ စတင်၍ ရှန်ဟိုင်း-ဒေလီ ခရီးစဉ်ကို ပျံသန်းမည်ဖြစ်ကြောင်း ယူး (Yu) မှ ဖော်ပြခဲ့ပြီးနောက် IndiGo လေကြောင်းလိုင်းကလည်း နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဒေလီ-ကွမ်ကျိုး ဝန်ဆောင်မှုအသစ်ကို စတင် မိတ်ဆက်မည်ဟု ကြေညာခဲ့သည်။




အိန္ဒိယအစိုးရက တိုက်ရိုက်လေကြောင်း ခရီးစဉ်များ ပြန်လည်စတင်ခြင်းသည် **“လူထု အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ လွယ်ကူ ချောမွေ့စေမည့်”** အပြင် **“နှစ်နိုင်ငံ အချင်းချင်း ဖလှယ်မှုများ တဖြည်းဖြည်း ပုံမှန်အတိုင်း ပြန်လည်လည်ပတ်လာစေရန်”** အထောက်အကူပြုမည်ဟု ပြောကြားခဲ့သည်။ Krishna Goyal သည် လေယာဉ်ဖြင့် ခရီးသွားလာနေရသူ တစ်ဦးဖြစ်ပြီး စီးပွားရေးအတွက် မကြာခဏ စက်ာပူမှတစ်ဆင့် ခရီးအဆင့်ဆင့်ဖြင့် ငါးနှစ်ကြာခရီးသွားလာပြီးနောက် ယခုအချိန်သည် **“အလွန်ပျော်ရွှင်ဖွယ်ကောင်းသောအခိုက်အတန့်”** ဟု ဖော်ပြခဲ့ပြီး **“အရင်တုန်းက ကျွန်တော်တို့ လေယာဉ်နှစ်စင်း၊ သုံးစင်း လဲစီးရတယ်”** လို့ အိန္ဒိယသတင်းဌာန ANI ကို ပြောပါသည်။

လေကြောင်းတိုက်ရိုက်ခရီးစဉ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အကောက်ခွန် ခြိမ်းခြောက်မှုများကြားတွင် အာရှထိပ်တန်းနိုင်ငံကြီးနှစ်ခုဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ ကူးသန်း ရောင်းဝယ်ရေး ခိုင်မြဲစေရန်အတွက် ဆောင်ရွက်နေချိန်တွင် ကာလကတ္တားၡ စည်ကားလျက်ရှိသော လျှော်နှင့် ပိတ်ထည်လုပ်ငန်းများကို တရုတ်နိုင်ငံတောင်ပိုင်းရှိ လက်ကားဈေးကွက်များနှင့် ပြန်လည်ချိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံသည် ယူကရိန်းစစ်ပွဲ ဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှ ရုရှားနှင့် ဆက်ဆံရေးကြောင့် အနောက်နိုင်ငံများ၏ ပိုမိုမြင့်မားသော စစ်ဆေးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ အစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီသည် ရုရှားဆီမှ ရေနံတင်သွင်းမှုကို ရပ်တန့်ရန် သဘောတူခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သော်လည်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းတို့ခေါင်းဆောင်ထံမှ ထိုကဲ့သို့သော အာမခံချက်များအကြောင်း မသိရှိရကြောင်း နောက်ပိုင်းတွင်ပြောဆိုခဲ့သည်။ ထိုကိစ္စသည် နှစ်နိုင်ငံအကြား အဓိက ကုန်သွယ်ရေးမိတ်ဖက်များ၏ ဆက်ဆံရေးကို တင်းမာစေခဲ့သည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ဆက်လက်တိုးတက် ကောင်းမွန်လျက်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီသည် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်

တရုတ်နိုင်ငံသို့ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် လည်ပတ်ခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကလည်း ထိုလအတွင်း အိန္ဒိယနိုင်ငံသို့ ပြန်လည်လည်ပတ်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်သို့ သွားရောက်ခဲ့သည့် အချိန်က နရင်ဒရာ မိုဒီက ပြောကြားခဲ့သည်မှာ အိန္ဒိယနိုင်ငံသည် **"အပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှု"** အခြေပြု၍ နှစ်နိုင်ငံဆက်ဆံရေးကို ရှေ့ဆက်တိုးမြှင့်ရန် ကတိပြုထားသည် ဟူ၍ဖြစ်ပြီး ဟိမဝန္တာ တောင်တန်းဒေသရှိ အငြင်းပွားဖွယ်နယ်နိမိတ်တစ်လျှောက် တင်းမာမှုများ လျော့ပါးလာခြင်း အပါအဝင် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းကို ကိုးကားဖော်ပြခဲ့သည်။

ဇာစ်မြစ်- CNN

ဦးမြင့်ဇော်ဦး<br>စီမံကိန်းနှင့်စာရင်းအင်း‌ဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm